ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

## သတင်းထုတ်ပြန်ချက်

## (၇ / ၂၀၁၃)

ရက်စွဲ - ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၂၇)ရက်

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဦးအောင်မင်း၏ဖိတ်ကြားချက်အရ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)၏ ခေါင်းဆောင်သုံးဦးအပါအဝင် အဖွဲ့ဝင်ကိုယ်စားလှယ် (၅)ဦးတို့သည် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက်နေ့မှ (၂၆)ရက်နေ့ထိ ပြည်တွင်းသို့ သွားရောက်ခဲ့ကြသည့်အစီအစဉ်သည် ယနေ့တွင် အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

၂။ ခရီးစဉ်အတွင်း စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ (UNA)နှင့်လည်းကောင်း၊ ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း (NBF)နှင့်လည်းကောင်း၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် လည်းကောင်း၊ ၈၈-မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းနှင့် လည်းကောင်း၊ တသီးပုဂ္ဂလ ဝါရင့်နိုင်ငံရေးသမားအချို့နှင့်လည်းကောင်း၊ တိုင်းရင်းသားလူမှုအသိုင်းအဝန်း ခေါင်းဆောင်များနှင့်လည်းကောင်း၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ပံ့ပိုးကူညီနေကြသည့် နိုင်ငံတကာ အသိုင်းအဝန်း Peace Donor Support Group – PDSG အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်နိုင်ခဲ့ပါသည်။ ဤခရီးစဉ်သည် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်တို့အား အထောက်အကူ ဖြစ်စေသည့်ခရီးစဉ်အဖြစ် မှတ်ယူပါသည်။

၃။ ခရီးစဉ်အထမြောက်အောင်မြင်စေရေးအတွက် အဓိကအားဖြင့် ကူညီလုပ်ဆောင်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့်တကွ မြန်မာငြိမ်းချမ်းရေးစင်တာမှ တာဝန်ရှိသူတို့အားလည်းကောင်း၊ ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာ ဆာဆာကာဝါနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့အားလည်းကောင်း၊ လက်ခံတွေ့ဆုံခဲ့ကြသော ပါတီနိုင်ငံရေးအဖွဲ့ အစည်းအသီးသီးနှင့် တသီးပုဂ္ဂလတို့အားလည်းကောင်း မိမိတို့ UNFC အနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။


**<u>ဆက်သွယ်ရန်</u>**

| | | |
|---|---|---|
| ၁။ ပဒိုဒေးဗစ်သာကပေါ | - ဒုတိယဥက္ကဋ္ဌ (၂)၊ UNFC | ဖုန်း = +၆၆(၀)၉၀ ၄၅၆ ၇၀၉၅ |
| ၂။ နိုင်ဟံသာ | - အထွေထွေအတွင်းရေးမှူး၊ UNFC | ဖုန်း = +၆၆(၀)၈၀ ၅၀၃ ၀၈၄၉ |